FORTIFY RIGHTS

သတင်းထုတ်ပြန်ချက်

# မြန်မာစစ်ကောင်စီသည် အပစ်အခတ်ရပ်စဲရေးကာလတွင် အရပ်သားပြည်သူများအား ဗုံးကြဲတိုက်ခိုက်ခဲ့၊ ငလျင်ဒဏ်သင့်ဒေသများပါဝင်

## အရပ်သားများအပေါ် သေကြေဒဏ်ရာရစေသော စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်၊ ဘာသာရေးအဆောက်အအုံများလည်း ပါဝင်

(ဘန်ကောက်မြို့၊ ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့) - မြန်မာစစ်ကောင်စီသည် ဧပြီ ၂ ရက်မှ ဧပြီ ၃၀ ရက်၊ ၂၀၂၅ ခုနှစ်အထိ ကြေညာခဲ့သော ယာယီအပစ်အခတ်ရပ်စဲကာလအတွင်း၌ပင် မကြာသေးမီက ငလျင်ကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးလာသူများ ခိုလှုံနေသည့် ဘာသာရေးအဆောက်အအုံများ အပါအဝင် အရပ်သားများနှင့် အရပ်သားအခြေခံအဆောက်အအုံများအပေါ် အသက်ဆုံးရှုံးစေနိုင်သော လေကြောင်းတိုက်ခိုက်မှုများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း Fortify Rights က ယနေ့ ပြောကြားခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်မှုများ နောက်ထပ် ဖြစ်မလာစေရန်အတွက် မြန်မာစစ်ကောင်စီအပေါ် လေယာဉ်လောင်စာဆီနှင့် လက်နက်များ တင်ပို့မှုများကို ပိတ်ဆို့အရေးယူရန် ယခုချက်ချင်း ချမှတ်သင့်ပြီး အကူအညီလိုအပ်နေသူများဆီသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကိုလည်း ပိတ်ပင်တားဆီးမှုမရှိဘဲ ဆက်လက်ရောက်ရှိစေရန်လည်း ဆောင်ရွက်ရမည်။

“မြန်မာစစ်ကောင်စီရဲ့ ဘုရားစူး အပစ်အခတ်ရပ်စဲရေးဟာ အတုအယောင်ပါပဲ" ဟု Fortify Rights ၏ လူ့အခွင့်အရေးစုံစမ်းစစ်ဆေးရေးတာဝန်ခံ ကိုစိုင်းအာကာက ပြောကြားခဲ့သည်။ "ဧပြီလ ၂ ရက်နေ့ကတည်းက စစ်ကောင်စီက ငလျင်ဒဏ်သင့်ဒေသတွေမှာပါ ပြင်းထန်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တာကြောင့် ကလေးငယ်တွေပါ အပါ၊ အရပ်သားပြည်သူတွေ အသေအပျောက်များ ခဲ့ရပါတယ်၊ ဒီတိုက်ခိုက်မှုတွေဟာဆိုရင် လူ့အသက်နဲ့ နိုင်ငံတကာဥပဒေကို ဂရုမစိုက်တာကို ပြောင်ပြောင်တင်းတင်းပဲ ပြသနေပါတယ်"

မတ်လ ၂၈ ရက်နေ့တွင် ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၇ ရှိသော ငလျင်လှုပ်ခတ်မှုကြောင့် လူပေါင်း ၃၇၀၀ ကျော် သေဆုံးခဲ့ပြီး၊ မြန်မာနိုင်ငံတစ်ဝှမ်း၊ အထူးသဖြင့် မန္တလေးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့၌ လူနေအဆောက်အအုံများ ပြိုပျက်ကာ အခြေခံအဆောက်အအုံများစွာလည်း ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဧပြီလ ၁ ရက်နေ့တွင် စစ်ကောင်စီမှ တရုတ် ကူညီကယ်ဆယ်ရေး ယာဉ်တန်းအား ပစ်ခတ်မှု ဖြစ်ပွားပြီးသည့် နောက်တွင် ငလျင်နှင့်ဆက်နွယ်သော လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများဆောင်ရွက်နိုင်ရန် ယာယီအပစ်အခတ်ရပ်စဲမှုကို လိုက်နာမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

လေးနှစ်တာ ကြာမြင့်ခဲ့ရသော တနိုင်ငံလုံးအတိုင်အတာဖြင့် လက်နက်ပဋိပက္ခများကြောင့် မြန်မာနိုင်ငံရှိ လူဦးရေ ၃.၅ သန်းသည် နေရပ်စွန့်ခွာခဲ့ရပြီး သန်းပေါင်းများစွာသော ပြည်သူများသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ အလွန်အမင်း လိုအပ်လျက်ရှိသည်။

ဧပြီလ ၂၀၂၅ ခုနှစ်တွင် Fortify Rights သည် ငလျင်ဖြစ်ပွားပြီးနောက်ပိုင်း မြန်မာစစ်ကောင်စီမှ ပြုလုပ်ခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအပြီး အသက်ရှင်ကျန်ရစ်သူ၊ မျက်မြင်ကြုံတွေ့ခဲ့ရသူ သို့မဟုတ် စောင့်ကြည့်လေ့လာသူ အရပ်သားပြည်သူ ၄ ဦး နှင့် တော်လှန်ရေးတပ်ဖွဲ့ဝင် ၅ ဦး အပါအဝင် စုစုပေါင်း ၉ ဦး ဆက်သွယ် စကားပြောဆိုခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အရေးပါသော ပွဲတော်တစ်ခုဖြစ်သည့် နှစ်သစ်ကူး သင်္ကြန်ပွဲတော် အပြီး၊ ၂၀၂၅ ခုနှစ် ဧပြီလ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီ ၁၀ မိနစ်ခန့်တွင် မြန်မာစစ်ကောင်စီသည် မန္တလေးတိုင်း သပိတ်ကျင်းမြို့နယ် ရေထွက်ကျေးရွာအား လေကြောင်း တိုက်ခိုက်မှုပြုလုပ်ခဲ့ပါသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ ထုတ်ပြန်မှုအရ အဆိုပါ တိုက်ခိုက်မှုများတွင် လေကြောင်းမှ ကြဲချသည့် ဗုံးကြီး နှစ်လုံးပါဝင်ပြီး အမျိုးသမီးနှင့်ကလေးငယ်များ အပါအဝင် လူ ၃၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သိရှိရပါသည်။

ရေထွက်ကျေးရွာတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ မီးငြိမ်းသတ်ခြင်းနှင့် သေဆုံးသူများအား ရှာဖွေခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသည့် ဒေသခံ ပြည်သူ့ ကာကွယ်ရေး တပ်ဖွဲ့ (PDF) မှ အဖွဲ့ဝင်မှ Fortify Rights အား ယခုကဲ့သို့ ပြောကြားခဲ့သည်။ "ဖြစ်တဲ့နေရာကို

ရောက်ရောက်ချင်းပဲ အလောင်းဆယ်လောင်းလောက်ကို ရှာတွေ့ခဲ့တာပေါ့၊ တော်တော်များများက ဒီ ထိခိုက်ထားတာတွေကြောင့်တို့၊ နောက်ပြီး တစစီဖြစ်နေတာတို့နဲ့ကြောင့် ဘယ်သူဘယ်ဝါ ပြောရခက်နေတယ်ပေါ့နော်၊ ကျန်တဲ့ လူအစိတ်အပိုင်းတွေကိုလည်း ပြန်စုဖို့ လိုအပ်နေတယ်" ဟုဖြေကြားခဲ့ပြီး ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေး လုပ်ငန်းများကို ၂၀၂၅ ခုနှစ် ဧပြီလ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ပြုလုပ်ခဲ့ပြီး တိုက်ခိုက်မှုကြောင့် အရပ်သား ၄၅ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ၎င်းမှပင် ဆက်လက် ပြောကြားခဲ့သည်။ Fortify Rights အနေဖြင့် ရေထွက်ကျေးရွာတွင် မည်သည့် စစ်ရေးပစ်မှတ်များ ရှိနေသည်ကို မသိရှိရပါ။

လျှောင်ဒဏ်ခံခဲ့ရသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မြန်မာစစ်ကောင်စီသည် ဒီပဲယင်း၊ ရွှေဘိုနှင့် ကနီမြို့နယ်အပါအဝင် ဗုံးကြဲတိုက်ခိုက်မှုများစွာကို ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ စစ်ကောင်စီ၏ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် သက်တမ်းတိုးကြောင်း ကြေညာပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် လက်လှုပ်ကျေးရွာမှ ဒေသခံတစ်ဦးသည် နံနက် ၁၀ နာရီ ၃၀ မိနစ် နောက်ပိုင်းတွင် ၎င်း၏ကျေးရွာသည် မည်သို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ရကြောင်းနှင့် ၁၃ နှစ်အရွယ် ကလေးတစ်ဦး အပါအဝင် လူငါးဦး သေဆုံးခဲ့ကြောင်း Fortify Rights အား ဤကဲ့သို့ပြောကြားခဲ့သည်။ "(စစ်ကောင်စီ) လေယာဉ်တစ်စင်းက တိုက်ပွဲတွေ ဘာတွေလည်း ဖြစ်မနေတဲ့ (ရွာကို) သူတို့ကို ဘာမှလည်းမလုပ်ဘဲ တိုက်ခိုက်တာ။ လူငါးယောက်သေပြီး ငါးယောက် ဒဏ်ရာရတယ်။ ထိခိုက်တာ အကုန်အရပ်သားတွေချည်းပဲ။"

ထိုဒေသခံမှပင် သေဆုံးသူများမှာ ၁၃ နှစ်အရွယ် မိန်းကလေး ကြေးဥ၊ အသက် ၈၀ အရွယ် ဒေါ်ဆောင်း၊ ၂၆ နှစ်အရွယ် အောင်ကျော်ကျော်၊ စန်းဇော် ၄၅ နှစ်နှင့် အသက် ၄၀ အရွယ် လုံး ဟူသော အမျိုးသမီးတစ်ဦးတို့ ဖြစ်ကြောင်း အတည်ပြုပေးခဲ့ပါသည်။

ဧပြီလ ၈ ရက်မှ ၁၉ ရက်အတွင်း လေကြောင်း တိုက်ခိုက်မှု ၃၁ ကြိမ်ခန့် ဖြစ်ပွားခဲ့ပြီး ဧပြီလ ၁၄ ရက်နေ့တွင် အများဆုံး စံချိန်တင်ခဲ့ကြောင်း Fortify Rights ကို မျှဝေပေးခဲ့သည့် စစ်ကိုင်းတိုင်း၊ ကနီမြို့နယ်မှ တော်လှန်ရေးတပ်သားတစ်ဦးမှ ယခုကဲ့သို့ ဆက်သွယ်ပြောဆိုခဲ့ပါသည်။

“(ဧပြီလ ၁၄ရက်နေ့) က သင်္ကြန် အကျနေ့လေ၊ ပိတ်ရက်ကြီးပေါ့၊ အဲ့နေ့က စုစုပေါင်း ကောင်းကင်က လာတိုက်တာ ၂၄ ကြိမ်ရှိတယ်။ သူတို့က ဂျက်ဖိုက်တာတွေနဲ့ လာတယ်၊ MI-35 ရယ်၊ Y12 လေယာဉ်ရယ်၊ Yellow Cat UAV ဒရုန်းရယ်၊ နောက် လေထီးနဲ့ ဗုံးတွေကို ချတာရော၊ စုစုပေါင်း နည်းလမ်း ငါးမျိုး သုံးပြီး တိုက်တာ။ မနက် ၇ နာရီခွဲက စပြီး လာတိုက်တာ မနက် ၁၀ နာရီခွဲထိလည်း မရပ်ဘူး။ ဗုံးမိုးရွာနေသလိုပဲ။ သူတို့မှာ ဘယ်ကို ပစ်မှတ်ထားတိုက်မယ်ဆိုတာမျိုးလည်း ရှိပုံ မပေါ်ဘူး၊ ဒီတိုင်း ဗုံးတွေကို မိုးရွာသလိုကို ကြဲချတာ။"

ဧပြီလ ၁၄ ရက်နေ့တွင် သမင်ခြံ ဘုန်းကြီးကျောင်း၊ မုဋ္ဌောကျေးရွာ၊ နတ်ကြီးကျေးရွာ၊ စုလေးကုန်း ကျေးရွာနှင့် တယောင်းကျေးရွာ စသည့် နေရာငါးခုသည် တိုက်ခိုက်ခံခဲ့ရကြောင်း ၎င်းမှ ဆက်လက် ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုကြောင့် သံဃာတစ်ပါးနှင့် အသက် ၂၀ နှစ်အရွယ် အမျိုးသမီး တစ်ဦး သေဆုံးကာ ကိုရင် ၃ ပါး နှင့် သီလရှင် ၁ ပါး ဒဏ်ရာရရှိ၍ အရပ်သားနေအိမ်များ၊ ဘုန်းကြီး ကျောင်း ၁ ကျောင်း၊ စာသင်ကျောင်း အဆောက်အအုံ ၁ ခုနှင့် နွားတင်းကုပ် ၁ ခု ပျက်ဆီးခဲ့ရသည်။ ၎င်းမှပင် ဤသို့ဖြည့်စွက်ပြောကြားခဲ့သည်။

"ဒါတွေအားလုံးက အရပ်သားတွေရှိတဲ့နေရာမှာ ဖြစ်ခဲ့တဲ့ တိုက်ခိုက်မှုတွေပါ။ ဧပြီလ ၁၁ ရက် နဲ့ ၁၂ရက်နေ့ကတော့ မြေပြင်မှာ တိုက်ပွဲတွေ ဖြစ်ပြီးမှ လာတိုက်တာပဲ။ ဒါပေမယ့် ကျန်တဲ့ လေကြောင်းတိုက်ခိုက်မှုတွေကတော့ သူတို့ပြစ်ချင်တိုင်းပြစ်သွားတဲ့ ဟာတွေပါ။ သူတို့ဟာ သူတို့ ဗုံးကို ဘယ်ချရမယ်မှန်း သေချာမသိပဲ ဒီတိုင်းကြဲချသွားတာ။ ကနီမြို့နယ်မှာဆို စစ်တပ်က မြေပြင်မှာ မထိန်းချုပ်နိုင်တော့ဘူး၊ အဲ့တာကြောင့်လည်း သူတို့က မြေပြင်မှာ ဘာပဲဖြစ်ဖြစ် ငါတို့က ကောင်းကင်ကတော့ နိုင်သေးတယ်ဆိုတာ ပြတဲ့အနေနဲ့ လုပ်ပြတာပဲ။”

လေကြောင်း တိုက်ခိုက်မှု အများအပြားသည် လျှင်ကြောင့် နေအိမ်များ ပျက်စီးပြီးနောက် အရပ်သား ပြည်သူများ ခိုလှုံနေကြရသည့် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၊ ခရစ်ယာန် ဘုရားရှိခိုးကျောင်း များနှင့် မွတ်ဆလင် ဗလီများကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ဧပြီလ ၂၀ ရက်နေ့ စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် မန္တလေးတိုင်းဒေသကြီး၊ အိုင်တိုင်ကျေးရွာ တွင် လျှင်ဒဏ်သင့်သူများကို ကုသပေးနေသည့် ရွှေ့လျားဆေးကုသရေးအဖွဲ့ စခန်းချ ကုသမှုပေးနေ

FORTIFY RIGHTS

သည့် အင်းတိုင်ရွာ၊ ဘုန်းတော်ကြီးကျောင်းကို ထိမှန်ခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုကြောင့် သံဃာတော်များနှင့် ဒေသခံများ အပါအဝင် လူ ၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ခရစ်ယာန်ဘာသာဝင်များ အများအပြား ဘုရားကျောင်းသို့ သွားရောက် ဝတ်ပြုကြသည့် အီစတာသီတင်းပတ် ဘာသာရေးကာလ အတွင်း ချင်းခရစ်ယာန်အများစုနေထိုင်ရာ ချင်းပြည်နယ်ရှိ ခရစ်ယာန်ဘုရားကျောင်း ၃ ခုထက်မနည်းကို စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။ သံလွင်ခက် သို့မဟုတ် မေတ္တာပန်း တနင်္ဂနွေ (အီစတာနေ့မတိုင်ခင် တနင်္ဂနွေ) နေ့တွင် မင်းတပ်မြို့ရှိ မြို့မ နှစ်ခြင်း ဘုရားကျောင်း ဗုံးခွဲဖျက်ဆီးခံခဲ့ရသည်။ ထိုနေ့မတိုင်မီ ရက်အနည်းငယ်အလို ဧပြီလ ၈ ရက်နေ့တွင်လည်း ဖလမ်းမြို့ရှိ ခရစ္စတူးဘုရင် (Christ the King) ကက်သလစ်ဘုရားရှိခိုးကျောင်းသည် မြန်မာစစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို ခံခဲ့ရပြီး နောက်တနေ့ဖြစ်သော ဧပြီလ ၉ ရက်နေ့တွင် မင်းတပ်မြို့ရှိ ဘုရားသခင်၏ အသင်းတော် Assembly of God ဘုရားကျောင်းသည် တိုက်ခိုက်ခံခဲ့ရသည်။

အပစ်အခတ်ရပ်စဲပြီးနောက် မကြာမီ၊ ၂၀၂၅ ခုနှစ် ဧပြီလ ၄ ရက်၊ အီစတာပွဲတော်မတိုင်မီတွင် မြန်မာစစ်တပ်က ကရင်နီပြည်နယ် နှင့် ရှမ်းပြည်နယ် နယ်စပ်ရှိ ကျင်းကော်ခူးကျေးရွာကို လေကြောင်းမှ ပစ်ခတ်၍ မော်တာများဖြင့် တိုက်ခိုက်ခဲ့ရာ အရပ်သားငါးဦး သေဆုံးခဲ့သည်။

မျက်မြင်သက်သေတစ်ဦးမှ တိုက်ခိုက်မှုအပြီးတွင် ပျက်စီးသွားသော အဆောက်အအုံများနှင့် သေဆုံးသူများ၏ ဓာတ်ပုံများကို Fortify Rights ထံ မျှဝေခဲ့ပါသည်။ “ဧပြီလ (၄) ရက်နေ့၊ မနက် (၉) နာရီလောက်မှာ ရွာကို မော်တာတွေ လာမှန်တာ၊ ၁၂၀ မီလီမီတာ မော်တာဒုံးတွေနော်၊ အဲ့တာမှန်ပြီး လူတစ်ယောက် သေသွားတယ်၊ လာတိုက်ခံရပြီးတဲ့ အခြေအနေနဲ့ ပျက်စီးသွားတဲ့ အဆောက်အအုံတွေကို ကျနော် မြင်ခဲ့ရတယ်" ဟု သူက ပြောကြားခဲ့သည်။

သေဆုံးသူမှာ အသက် ၅၄ နှစ်အရွယ် ဦးခူးလူ ဖြစ်ပြီး ဒေသခံရွာသားတစ်ဦးဖြစ်သည်။

နေ့လည် ၂ နာရီခန့်တွင် အဆိုပါရွာပင် လေကြောင်းတိုက်ခိုက်ခံခဲ့ရပြီး အရပ်သား လေးဦးသေဆုံးခဲ့သည်။ Fortify Rights အနေဖြင့် လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူများ၏ အမည်များကို အတည်ပြုနိုင်ခြင်း မရှိသေးပါ။

ဧပြီလ ၄ ရက်နေ့ တိုက်ခိုက်မှုအား မှတ်တမ်းတင်ထားသည့် မြန်မာနိုင်ငံမှ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ ဦးဆောင်သည့် လူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် Burma War Crimes Investigation အဖွဲ့၏ ကိုယ်စားလှယ်မှ Fortify Rights သို့ ဤကဲ့သို့ပြောကြားခဲ့သည်။ "မိမိတို့အနေနဲ့ အဲ့ဒီနေ့ (ဧပြီလ ၄ ရက်နေ့) မှာ စစ်ကောင်စီက အရပ်သား နေရာတွေကို ပစ်မှတ်ထားခဲ့တယ်ဆိုတာ အတည်ပြုနိုင်ပါတယ်။ ဒီစစ်ဆင်ရေးမှာဆိုရင် အပစ်အခတ်ရပ်စဲထားပေမဲ့ အရပ်သားတွေကို လေကြောင်းကနေ တမင် ပစ်မှတ်ထားတိုက်ခိုက်တဲ့ စစ်တပ်ရဲ့ မဟာဗျူဟာကို သိသိသာသာ မြင်ရပါတယ်။"

စစ်တပ်အား ခုခံတော်လှန်နေသည့် ကရင်နီပြည်နယ်ရှိ ပြည်နယ်အဆင့် အစိုးရ၊ ယာယီအမှုဆောင်ကောင်စီ (Interim Executive Council) ၏ ကိုယ်စားလှယ်မှ Fortify Right သို့ ဤကဲ့သို့ ပြောကြားခဲ့သည် "စစ်ကောင်စီက အရပ်သား နယ်မြေ (ကရင်နီနဲ့ ရှမ်း ပြည်နယ် တောင်ပိုင်း) တွေကို ဗုံးကြဲနေတုန်းပဲ၊ အပစ်အခတ် ရပ်စဲပြီး ကတည်းက စစ်တပ်က အရပ်သား နယ်မြေတွေကို ပစ်မှတ်ထားပြီး တိုက်နေတာ အနည်းဆုံး လူ ၁၅ ယောက် သေဆုံးခဲ့ပြီးပါပြီ၊ ဒါက လက်မခံနိုင်စရာပါ။"

Fortify Rights သည် မြန်မာနိုင်ငံတစ်ဝှမ်းရှိ ပြည်သူ့ကာကွယ်ရေးတပ်စခန်းများအား တိုက်ခိုက်ခဲ့သည့် စစ်ကောင်စီ၏ တိုက်ခိုက်မှုအများအပြားကို မှတ်တမ်းတင်ထားပြီး ၎င်းတို့ထဲ၌ PDF များ သေဆုံးခဲ့သည်ကိုလဲ တွေ့ရှိရသည်။ မည်သို့ပင်ဖြစ်စေ စစ်ဘက်ဆိုင်ရာ လုံခြုံရေးအကြောင်းပြချက်များကြောင့်လည်းကောင်း နောင်တွင်ပစ်မှတ်ထားခံရမည်ကို စိုးရိမ်သောကြောင့်လည်းကောင်း မိမိတို့ တွေ့ဆုံမေးမြန်းခဲ့သော PDF သတင်းရင်းမြစ်များသည် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သော တည်နေရာနှင့် ရက်စွဲများကို ထုတ်ဖော်ပြောဆိုခြင်းမပြုခဲ့ပါ။ အဆိုပါ တိုက်ခိုက်မှုများသည် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များ ဖြစ်နေသည်ဟု ဆိုစေကာမူ စစ်ကောင်စီမှ ကြေညာထားသော တနိုင်ငံလုံး အပစ်အခတ် ရပ်စဲရေး သဘောတူညီမှုအား ချိုးဖောက်မှုများ ပြုလုပ်နေခြင်းပင်ဖြစ်သည်။

အပစ်အခတ်ရပ်စဲကြောင်း ကြေညာသည့် ဧပြီလ ၂ ရက်နေ့ကတည်းကမှ စတင်ပြီး၍ တိုက်ခိုက်မှု ပေါင်း ၁၂၀ ကျော် ပြုလုပ်ခဲ့သည်ဟု ကုလသမဂ္ဂ လူ့အခွင့်အရေးရုံးက သတင်းထုတ်ပြန်ထားပါသည်။ အဆိုပါ တိုက်ခိုက်မှုများကြောင့် မကြာသေးမီကမှ ငလျင်ဒဏ်ကြောင့် ပျက်ဆီးဆုံးရှုံးထားရသည့် ဒေသများ အပါအဝင် မြန်မာနိုင်ငံတစ်ဝှမ်းရှိ မြို့နယ်ပေါင်း ၅၁ ခုထက်မနည်း ထိခိုက်ပျက်စီးခဲ့ကြောင်း သိရပါသည်။

မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Tom Andrews သည် ဧပြီလ ၁၀ ရက်နေ့တွင် ကြေညာချက် ဤကဲ့သို့ထုတ်ပြန်ခဲ့ပါသည်။

> "ကံမကောင်းစွာဖြင့်၊ သို့သော်လည်း အံ့သြစရာ မကောင်းစွာဖြင့် မြန်မာစစ်ကောင်စီသည် ၎င်း၏ကိုယ်ပိုင်အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို ချိုးဖောက်ရန် ရွေးချယ်ခဲ့ပြီး ဆိုးရွားသော ရလဒ်များ ဖြစ်ပေါ်စေခဲ့သည့် တိုက်ခိုက်မှုအသစ်များစွာကို ပြုလုပ်ခဲ့ပါသည်။ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခများတွင် ပါဝင်နေသည့်အဖွဲ့အစည်းများ အပစ်အခတ်ရပ်စဲရန်နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကယ်ဆယ်ရေးလုပ်ငန်းများကို အဟန့်အတား ဖြစ်စေသော စစ်ကောင်စီအား အမြန်ဆုံးရပ်တန့်ရန် တောင်းဆိုမည့် ဆုံးဖြတ်ချက်တစ်ခုအား အမြန်ဆုံး စဉ်းစားရမည်ဖြစ်သည်။"

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် မြန်မာစစ်တပ်က အာဏာသိမ်းယူခဲ့ပြီး မရေမတွက်နိုင်သော အရပ်သားများကို သတ်ဖြတ်၍ သောင်းပေါင်းများစွာသော လူများအား အကျဉ်းချကာ နိုင်ငံတဝှမ်းတွင် နိုင်ငံရေးအာဏာကို သိမ်းပိုက်ရယူရန် ကြိုးပမ်းခဲ့သည်။ အရပ်သားများအပေါ် စစ်ကောင်စီ၏ တိုက်ခိုက်မှုများသည် ဆက်လက်ဖြစ်ပွားနေပြီး ထိုအထဲတွင်လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများ ပါဝင်နေသည်။

နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေ (စစ်ဥပဒေဟုလည်း လူသိများ) သည် မြန်မာနိုင်ငံရှိ နိုင်ငံတကာလက်နက်ကိုင်တိုက်ပွဲမဟုတ်သော ပဋိပက္ခ ဖြစ်ပွါးနေသည့် တော်လှန်ရေးတွင် အကျုံးဝင်သက်ရောက်မှုရှိသည်။ အထူးသဖြင့် ဂျီနီဗာကွန်ဗင်းရှင်းသည် လက်နက်ကိုင်ပဋိပက္ခ

ဆိုင်ရာ ကျင့်ဝတ်များကို ထိန်းညှိခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများကို ချမှတ်ထားပါသည်။ စစ်ဥပဒေများအောက်တွင် ဖော်ပြထားသည်မှာ ပဋိပက္ခတွင်ပါဝင်သော အဖွဲ့အစည်းများသည် တဖက်တွင် အရပ်သားများနှင့် "အရပ်သား ပိုင်အရာဝတ္ထုများ" (စစ်ဘက်ဆိုင်ရာ ရည်ရွယ်ချက်ဖြင့် အသုံးပြုခြင်း မရှိသော အိမ်များနှင့် ဆေးရုံများကဲ့သို့)နှင့် အခြားတစ်ဖက်တွင် တိုက်ခိုက်ရေးသမားများနှင့် "စစ်ဘက်ဆိုင်ရာရည်ရွယ်ချက်များ" အကြား ခွဲခြားမှုရှိစေရန် လိုအပ်ပါသည်။ စစ်ဥပဒေများအရ အရပ်သားများနှင့် အရပ်ဘက်အရာဝတ္ထုများကို ပစ်မှတ်ထားသည့် တိုက်ရိုက် တိုက်ခိုက်မှုများနှင့် စစ်ဘက်၊ အရပ်ဘက် ခွဲခြားခြင်းမရှိ တိုက်ခိုက်မှုများကို အတိအလင်း တားမြစ်ထားပြီး ချိုးဖောက်မှုများကိုလည်း စစ်ရာဇဝတ်မှုအဖြစ် တရားစွဲနိုင်ပါသည်။

"လျှောင်ဘေးအတွင်းမှာ မြန်မာစစ်ကောင်စီအနေနဲ့ အရပ်သားတွေကို ဆက်လက်တိုက်ခိုက်နေတာဟာ လုံးဝဥပဒေမဲ့ လုပ်ရပ်တွေပါပဲ" ဟု ကိုစိုင်းအာကာမှ ပြောကြားခဲ့ပါသည်။ "နိုင်ငံတကာ အသိုင်းအဝိုင်းအနေနဲ့ နောက်ထပ် အသက်တွေ ထပ်မဆုံးရှုံးရခင်မှာ စစ်ကောင်စီရဲ့ လက်နက်နဲ့ လေကြောင်း လောင်စာဆီ ရယူ အသုံးပြုခွင့် ရှိနေတာတွေကို ရပ်တန့်ဖို့ ပြတ်ပြတ်သားသား ဆောင်ရွက်ရပါမယ်။"

---

**ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -**

**စိုင်းအာကာ**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ (Human Rights Associate)
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+17 169 195 899 (Signal)
**အီးမေးလ်** - Sai.Arkar@FortifyRights.org
**တွစ်တာ/X** - @Sai_Rights, @FortifyRights

**မချစ်ဆိုင်း**
လူ့အခွင့်အရေးဆိုင်ရာစုံစမ်းစစ်ဆေးရေးတာဝန်ခံ (Human Rights Associate)
Fortify Rights
ဘာသာစကားများ - အင်္ဂလိပ်၊ မြန်မာ
+66 65 518 7335 (WhatsApp; Signal)
**အီးမေးလ်** - Chit.Seng@FortifyRights.org
**တွစ်တာ/X** - @SengChit, @FortifyRights